ကုန်းဝါးရုံသာကျေးရွာ
မော်လိုက်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၀–၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကုန်းဝါးရုံသာကျေးရွာ၊မော်လိုက်မြို့နယ်

(မော်လိုက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဇွန်လ

Scanned by CamScanner

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသူ၊ကျေးရွာသားများ ပူးပေါင်းရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိမိတို့ကျေးရွာအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်နိုင်ရန် ပူးပေါင်းညှိနှိုင်းရွေးချယ်ပေးခဲ့ကြပါသော လွတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာနှင့်သက်ဆိုင်သည့်ဒေသန္တရအရေးကြီး အချက်အလက်များနှင့်အကြံဉာဏ်များကို တက်ကြွစွာကူညီပံ့ပိုးပေးကြပါသော ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို အစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသောလည်း လူထုအများစုနှစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်သည့်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြသည့် နည်းလမ်းအတွက်ကူညီပံ့ပိုးပေးမည့် အစီအစဉ်ရေးဆွဲရေးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ သင်တန်းပို့ချစီစဉ် ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်း၊ သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက လိုအပ်သော အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုကို မြို့နယ်ဌာနဆိုင်ရာများ၏ အကူအညီရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိရပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား အဓိကဖော်ပြထားပြီး စီမံကိန်းဆိုင်ရာအချက်အလက်အကြောင်းအရာများအဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဝါးရုံးသာကျေးရွာအုပ်စု၊ကုန်းဝါးရုံသာကျေးရွာ
မော်လိုက်မြို့နယ်

၂၀၂၀ခုနှစ်၊ ဇွန်လ (၃၀)ရက်

Scanned by CamScanner

ဝါးရုံသာကျေးရွာအုပ်စု၊ကုန်းဝါးရုံသာကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှတ်တမ်း

နိဒါန်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း၊ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော အတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်ဖြစ်ကြောင်းသိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိသည့်အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ဖွံ့ဖြိုးရေးစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရယူရန် အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ပြဿနာဖြစ်သည့်အကြောင်းအရင်းများ၊ ဖွံ့ဖြိုးရေးကိုအထောက်အပံ့ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များအပေါ်အခြေခံ၍ (၅)နှစ်တာကာလအတွင်းဆောင်ရွက်လိုသည့် ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ဆောင်ရွက်မည့်စီမံချက်များကို ဖော်ထုတ်၍ အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများတို့ကို ချိတ်ဆက်၍ ဆောင်ရွက်ရမည်ကို သိရှိနားလည်စေခဲ့ပါသည်။

ရည်ရွယ်ချက်

လူထုဦးဆောင်ပါဝင်သည့်လုပ်ငန်းစဉ်ဖြစ်သောကြောင့် ကိုယ်တိုင်ပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုတိုတိုကျကျပံ့ပိုးပေးရာရောက်ပါသည်။

စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ဝါးရုံသာကျေးရွာအုပ်စု၊ ကုန်းဝါးရုံသာကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

Scanned by CamScanner

မော်လိုက်ခရိုင်၊မော်လိုက်မြို့နယ် ဝါးရုံသာအုပ်စု၊ကုန်းဝါးရုံသာကျေးရွာ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းမှတ်တမ်း

ကျေးရွာ၏တည်နေရာ၊ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ် ကုန်းဝါးရုံသာကျေးရွာသည် ချင်းတွင်းမြစ်၏ အရှေ့ဘက်ကမ်းတွင်တည်ရှိပြီး မုံရွာ-ဖောင်းပြင်-နောင်ပိုအောင်-နမ့်တော မဟာဗျူဟာလမ်း၏ အနောက်ဘက်တွင် တည်ရှိပါသည်။ ရွာ၏အနောက်ဘက် (၁) မိုင် အကွာတွင် ဝါးရုံသာ၊ အနောက်တောင်ဘက်တွင်ပန်းသာနှင့် အရှေ့ဘက်တောင်ဘက်တွင် အောင်ချမ်းသာ၊ သရက်ကုန်းရွာ တည်ရှိပါသည်။

ကျေးရွာသည် စတုရန်းပုံသဏ္ဌာန်အမျိုးအစားဖြစ်ပြီး ရွာအရှေ့မြောက်ဘက်ရှိတောများသည် အပူပိုင်းအမြဲစိမ်းတောများ ဖြစ်ပါသည်။ အဓိကပေါက်ရောက်သော အပင်များမှာ ကျွန်းပင်၊ အင်ကြင်း၊ ကညင်၊ ထောက်ကြံ၊ ကြိမ်၊ ဝါးတို့ဖြစ်ကြပါသည်။ ထိုပေါက်ရောက်သော သဘာဝ ပေါက်ပင်များကို ကျေးရွာမှအဆောက်အဦးများအတွက်လည်ကောင်း၊ လယ်ယာသုံးပစ္စည်းများ အတွက် လည်းကောင်း၊ အိမ်သုံးပရိဘောဂများအတွက်လည်ကောင်း ကုန်ကြမ်းအဖြစ်မှီခိုရပ်တည် လျက်ရှိကြပါသည်။ ကျေးရွာနံ ဘေးရှိပန်းသာချောင်းဖျားတွင် ရွှေကျင်လုပ်ငန်းကို အနည်းငယ်သာ လုပ်ကိုင်နိုင်ကြပါသည်။

ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ လူဦးရေဆိုင်ရာအချက်အလက်များ

မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ် ကုန်းဝါးရုံသာကျေးရွာတွင် အမျိုးသား(၁၈၃)ယောက် ရှိသည့်အနက် အမှန်တကယ်အလုပ်လုပ်နိုင်သူမှာ(၁၁၀)ယောက်သာရှိပြီး ကျန်အမျိုးသားများမှာ ကလေးသူငယ်၊ ကျောင်းသားနှင့် သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။

အမျိုးသမီးများမှာ(၁၈၂)ယောက်ရှိသည့်အနက် အမှန်တကယ်အလုပ်လုပ်နိုင်သူမှာ (၁၁၂) ယောက် သာရှိပါသည်။ ကျန်အမျိုးသမီးများမှာ ကျောင်းနေသူနှင့် သက်ကြီးရွယ်အိုများ ဖြစ်ကြပါ သည်။ကျေးရွာရှိ အမှန်တကယ်အလုပ်လုပ်သူများမှာ ဘိုးဘွားများလုပ်ကိုင်ခဲ့ကြသော မိရိုးဖလာ တောင်သူ လယ်လုပ်သမားများ အများစုဖြစ်ကြပါသည်။ အချို့သောအမျိုးသား/ သမီးများသည် အခြားရပ်ဝေးများကို ရွှေကျင်လုပ်သားများအဖြစ် သွားရောက်လုပ်ကိုင်ကြပါသည်။

စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မျှတမှု

မော်လိုက်မြို့နယ်၊ ကုန်းဝါးရုံသာကျေးရွာတွင် ကျေးရွာလူထု အဓိကမှီခိုလုပ်ကိုင်ကြရသော ဝင်ငွေရအလုပ်အကိုင်မှာ လယ်ယာစိုက်ပျိုးရေးတစ်ခုသာဖြစ်ပါသည်။ မိုးရာသီကိုစပါးစိုက်ပျိုး၍ ဆောင်းရာသီတွင်ရိတ်သိမ်းပြီးပါက ရိတ်သိမ်းပြီးလယ်မြေများအပေါ်တွင် နှမ်း၊ ပဲ၊ နေကြာစသည့် သီးနှံပင် များကိုလည်း အနည်းငယ်စိုက်ပျိုးကြပါသည်။ မွေးမြူရေးအနေဖြင့် ကျွဲ၊နွားကိုခိုင်းစေရန်

Scanned by CamScanner

အတွက်လည်းကောင်း၊ ကြက်၊ဝက်စသည်တို့ကိုအသားအတွက်လည်းကောင်း တနိုင်တပိုင် မွေးမြူကြပါသည်။ ကျေးရွာအိမ်ထောင်စုများ၏ ဆင်းရဲချမ်းသာအဆင့်တွင်အဆင့်(၁)ရှိသူများသည် စိုက်ပျိုးမြေ(၅)ကေအထက်ရှိသူများ၊ ကိုယ်ပိုင်လုပ်ငန်းရှိသူများ ဖြစ်ကြပါသည်။ အဆင့်(၂)ရှိသူများသည် (၂)ကေ နှင့် (၅)ကေကြားရှိသူများဖြစ်ကြ၍ ထိုအိမ်ထောင်စုများမှာ ဝမ်းစာအတွက်ဖူလုံသူများဖြစ်ကြပါသည်။ အဆင့်(၃)ရှိသူများမှာ(၂)ကေအောက်သာရှိကြ၍ ထိုသူများသည် လက်လုပ်လက်စား အသင့်အတင့်ဝမ်းစာဖူလုံများဘာ ဖြစ်ကြပါသည်။ အဆင့်(၄)ရှိသူများမှာ မြေယာမဲ့သူများဖြစ်ကြပြီး နေအိမ်များမှာလည်း တဲတန်း(လူနေဖြစ်ရုံ)ဖြင့် နေထိုင်သူများဖြစ်ကြပါသည်။ ထိုမိသားစုများတွင် အလုပ်လုပ်နိုင်သူများရှိကြသည်ဟုဆိုရသော်လည်း ရှိသောဝင်ငွေအား အကျိုးရှိရှိကောင်းစွာအသုံးပြုနိုင်သော အသိပညာအတတ်ပညာများကို အသုံးချနိုင်မည့် အခွင့်အရေးမရှိကြသေးပါ။ အချို့ သောအိမ်ထောင်စုများတွင်ရှိသော ဝင်ငွေရအလုပ်အကိုင်ကိုလုပ်ကိုင်နေကြသည့် သူများမှာမူးယစ် ဆေးကိုအလွန်အကျွံသုံးစွဲသူများဖြစ်ကြ၍ ၎င်းတို့၏အိမ်ထောင်စုများသည် ဝင်ငွေထွက်ငွေအား လွန် စွာမမျှတမှုနှင့်ရင်ဆိုင်နေကြပါသည်။

ကဏ္ဍအသီးသီး လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ဖွံ့ဖြိုးရေးဆိုင်ရာ စိမ်ခေါ်မှုစနစ်

ကျေးရွာအေးချမ်းသာယာရေးနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများရရှိလာစေရန် ကျေးရွာတွင်ရှိသော ရပ်မိ/ရပ်ဖများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ကျေးလက်ဒေသဖွံ့ဖြိုးရေးကော်မတီများ၊ ကျေးရွာသူ/ကျေးရွာသားများနှင့် ပူးပေါင်းပြီးမြို့နယ်မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများ၏ အဓိကကြီးကြပ်မှုဖြင့် စနစ်တကျဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားအသက်မွေးမှု လုပ်ငန်းများ

ကုန်းဝါးရုံသာကျေးရွာတွင် ကုန်သည်လုပ်ငန်းလုပ်ကိုင်သူ(၂)ဦး ရှိပါသည်။ ဝါးရုံသာကျေးရွာနှင့်မော်လိုက်မြို့သို့ နေ့ချင်းပြန်စက်လှေပြေးဆွဲသူ တစ်ဦးရှိပါသည်။ လက်သမားလုပ်ကိုင်သူ အနည်းငယ် ရှိပါသည်။ ကျန်အိမ်ထောင်စုများမှာ လယ်ယာစိုက်ပျိုးရေးနှင့် ကျပမ်းလုပ်ကိုင်သူများဖြစ်ကြပါသည်။

သီးနှံ၊သား၊ငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် မိုးစပါးကိုသာ အဓိကထား၍ စိုက်ပျိုးကြပြီး လယ်မြေ(၁၄၈)ကေရှိပါသည်။ ဟင်းသီး၊ဟင်းရွက် စိုက်ပျိုးမှု အနည်းငယ်သာရှိပါသည်။ ကျွဲ၊ နွားတို့ကို စိုက်ပျိုးရေးအတွက် အဓိကထားမွေးမြူကြပါသည်။ ကြက်၊ဝက်များကို အသားထွက် တစ်နိုင်တစ်ပိုင်မွေးမြူကြပြီး၊ ငါးဖမ်း

Scanned by CamScanner

လုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းများ မရှိပါ။နှမ်း၊ မြေပဲစသည့် ဆီထွက်သီးနှံများကိုလည်း အနည်းငယ်စိုက်ပျိုးကြပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းနှင့်အဟန့်အတားများ

ကုန်းဝါးရုံသာကျေးရွာသည် အုပ်ချုပ်ရေး၊ လူမှုရေး၊ ဘာသာရေး စသည့်အသင်းအဖွဲ့များမှ စည်းလုံးညီညွတ်မှုရှိပြီး ကျေးရွာတွင်အခက်အခဲများကြုံပါက စုပေါင်းဖြေရှင်းဆောင်ရွက်နိုင်ကြပါသည်။ ကျေးရွာရှိ ရပ်မိ/ရပ်ဖများနှင့်လူငယ်အဖွဲ့များသည် ကျေးရွာလမ်းမကြီး၊ကျေးရွာချင်းဆက်လမ်း၊ မဟာဗျူဟာလမ်းသို့ ဆက်သွယ်ရန်လမ်း၊ ရွာလမ်းမီးလင်းရေးနှင့် ရွာနံဘေးရှိချောင်းရေအန္တရာယ်ကာကွယ်ရန် ရေကာတာများကို ပြုပြင်စေလိုပြီး၊ ငွေကြေးမရှိခြင်းနှင့် စက်ယန္တရားများ အခက်အခဲများကြောင့် ကျေးရွာပြည်သူလူထုမှ ကောင်းမွန်စွာအကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပါ။ နိုင်ငံတော်မှ လိုအပ်သောငွေကြေး၊ နည်းပညာများ ထောက်ပံ့ပေးမည်ဆိုပါက ကျေးရွာလူထုမှလုပ်အားများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည် ဖြစ်ပါသည်။

ပတ်ဝန်းကျင်နှင့်သာဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကုန်းဝါးရုံသာမြောက်ဘက်တွင် တော၊တောင်များ ရှိပါသည်။ ရွာ၏အရှေ့ဘက် (၅)မိုင်ခန့်တွင် သစ်တောကြိုးဝိုင်းရှိပါသည်။ အဆောက်အဦများနှင့် အိမ်သုံးပရိဘောဂများအတွက် သစ်၊ ဝါးနှင့်ကြိမ်တို့ကို ထုတ်ယူသုံးစွဲလျှက်ရှိပါသည်။ ထို့အပြင် သစ်ခွ၊ ပျားရည်၊အင်တွဲ၊ ပုန်းညက်၊ ဆေးဘက်ဝင်အပင်များနှင့် အခြားအသုံးဝင်ပစ္စည်းများကို သဘာဝသစ်တောကြီးများမှ ကျေးလက်နေပြည်သူများကို အထောက်အကူပြုလျှက်ရှိပါသည်။ အရှေ့မှအနောက်သို့ စီးဆင်းနေသော ပန်းသာ ချောင်းမှရေကို စိုက်ပျိုးရေးအတွက် အသုံးပြုနိုင်ပါသည်။ ပန်းသာချောင်းတွင် ရွှေကျင်လုပ်ငန်း အနည်းငယ်လုပ်ကိုင်ကြသည်။ သဲ၊ ကျောက်စသည်တို့ကို အဆောက်အဦလုပ်ငန်းများအတွက် ပန်းသာချောင်းမှ ရရှိနိုင်ပါသည်။ လျှပ်စစ်မီး မရရှိသည့်အတွက် ထမင်းဟင်းချက်စားသောက်ရန် သဘာဝတောတောင်အတွင်းမှ သစ်ပင်ကြီးများကို ထင်းအဖြစ်သုံးစွဲနေကြရပါသည်။ ထို့ကြောင့် သဘာဝမှပေးသော တော၊ တောင်၊ ရေမြေတို့ကို ထိန်းသိမ်းရေးလုပ်ငန်းမှာ ထိရောက်ခြင်းမရှိသေးပါ။

ပညာရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကုန်းဝါးရုံသာကျေးရွာ ပညာရေးကဏ္ဍတွင် KGကျောင်းဆောင်(၃၀'×၆၀')နှင့် မူလတန်းကျောင်းဆောင် (၃၀'×၉၀') ရှိကြသော်လည်း ယနေ့ခေတ်ပညာရေး၏ ပြုပြင်ပြောင်းလဲရေးအစီအစဉ် Child Center Approach (ကလေးဗဟိုပြုချဉ်းကပ်နည်းအရ) ဆရာလိုအပ်ချက်များ ရှိနေပါသည်။ ပညာရေးပြောင်းလဲမှုအရ အတန်းတစ်တန်းကို ဆရာတစ်ယောက်စီ စီမံသင်ကြားပေးရသည့် စနစ်ဖြစ်ပါသည်။ ကျေးရွာတွင်ကျောင်းအုပ်ဆရာကြီးအပါအဝင် ဆရာ/မအင်အားသည် (၄)ဦးသာ

Scanned by CamScanner

ရှိပါသည်။ ဆရာအင်အားပျမ်းမျှနှုန်းထားအနေဖြင့် KG, G-1,G-2, G-3, G-4 အတွက် ဆရာအင်အား (၅)ဦးလိုအပ်ပါသည်။ ယခုလက်ရှိအနေနှင့် ကျောင်းအုပ်ကြီးအပါအဝင် ဆရာအင်အား(၄)ဦးသာရှိသည့်အတွက် အတန်း(၁)တန်းသည် ဆရာအခက်အခဲဖြစ်နေပါသည်။ ထို့ကြောင့် ကလေးများ၏ တတ်သိသင့်သော ပညာအဆင့်အတန်းကို မရရှိကြပဲရှိနေသည်ကို ကြုံတွေ့နေရပါသည်။

အခြေခံအဆောက်အဦများ လက်လှမ်းမှီရှု၊ လမ်း၊တံတားများ၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

ကုန်းဝါးရုံသာကျေးရွာသည် မဟာဗျူဟာလမ်းနံဘေးတွင် တည်ရှိသော်လည်း ထိုလမ်းသည် ပွင့်လင်းရာသီတွင် ကောင်းမွန်စွာအသုံးပြုနိုင်ပြီး မိုးရာသီတွင်သွားလာရန် ခက်ခဲလျှက်ရှိပါသည်။ ရွာ၏အနီးအနားမှာ သရက်ကုန်း၊အောင်ချမ်းသာ၊ ပန်းသာနှင့် ဝါးရုံသာအစရှိသည့် ရွာ(၅)ရွာတည် ရှိနေသော်လည်း ဝါးရုံသာတစ်ရွာတည်းကိုသာ သွားလာရန်ရွာချင်းဆက်လမ်း (တောလမ်းကြမ်း) တစ်ခုသာရှိပါသည်။တချို့သော (၄)ရွာကို လမ်းမရှိဘဲ မိုးရာသီအချိန်၌ ခက်ခဲစွာသွားလာဆက်သွယ်ကြရပါသည်။ အလယ်တန်း၊အထက်တန်း ကျောင်းသား/ကျောင်းသူများ မိုးရာသီပညာသင်ကြားချိန်တွင် ချောင်းရေကြီးခြင်း၊ မြစ်ရေကြီးခြင်းစသည့် ပြဿနာများကိုရင်ဆိုင်ကြရသည်။ ကျေးရွာအတွင်းမှ သွယ်ယူထားသော လယ်ရေတွင်းတူးမြောင်းများမှာလည်း (၄)ခုရှိပါသည်။ ၎င်းရေတွင်းမြောင်းများသည် စနစ်ကျမှုမရှိခြင်းကြောင့် ကျေးရွာအတွင်းသို့ ထိုမြောင်းမှရေများလျှံခြင်းကိုလည်း နှစ်စဉ်ကြုံတွေ့ ရပါသည်။ ထို့အပြင်မြောင်းကူးတံတားများလည်း ကောင်းမွန်ခိုင်ခံ့ခြင်းအားနည်းသဖြင့် ကျေးရွာအတွင်းသို့ ကုန်ပါသောလှည်းနှင့် ကားများဝင်ရန် ခက်ခဲလျှက်ရှိပါသည်။ ကျေးရွာသည် ကုန်းတွင်းပိတ်ကျေးရွာဖြစ်သောကြောင့် ရေကြောင်းအသုံးပြုနိုင်မှုမှာ တစ်နှစ်ပတ်လုံးခက်ခဲပါသည်။ မြို့ပြနှင့်အလှမ်းဝေးသော ကျေးရွာဖြစ်ပါ၍ သတင်းနှင့်ဆက်သွယ်ရေးအဝိုင်းတွင် အင်တာနက်ဖြင့်သာ အသင့်အတင့်ရရှိပါသည်။

ကျန်းမာရေးနှင့်အာဟာရ

ကုန်းဝါးရုံသာကျေးရွာတွင် အဓိကဖြစ်ပွားသော ရောဂါအမျိုးအစားမှာ ချမ်းဖျား၊အပူဖျား ၊ ငှက်ဖျား၊ ဝမ်းပျက်ဝမ်းလျှောနှင့် အခြားအမည်မသိသော ရောဂါများလည်း တစ်ခါတစ်ရံ ဖြစ်တတ်ပါသည်။ ငှက်ဖျားရောဂါသည် မိုးရာသီ၌ ရွံ့များထူခြင်း၊ ဗွက်များပေါများခြင်းတို့ကြောင့် ၎င်းတို့၏ အကျိုးဆက်အနေဖြင့် ခြင်ပေါများခြင်းတို့ကြောင့် ဖြစ်ရပါသည်။ ထို့အပြင် ကျေးရွာ၏ဆင်းရဲနွမ်းပါးခြင်းကြောင့် ပန်းသာချောင်းရေကိုသာ မှီခိုသောက်သုံးရသည့်အတွက် ဝမ်းပျက်ဝမ်းလျှောရောဂါကို နှစ်စဉ်ပင်ရင်ဆိုင် ဖြေရှင်းကြရပါသည်။ ရောဂါဖြစ်သည့်အချိန်များတွင် အလွယ်တကူဆေးကုသရန် ကျေးရွာတွင် ဆေးပေးခန်းမရှိခြင်းကြောင့်လည်းကောင်း၊ ပန်းသာကျေးလက်ကျန်းမာရေးဌာနသို့ သွားလာရန်ရွာချင်းဆက်လမ်း မရှိခြင်းကြောင့်လည်းကောင်း၊ ဆေးကုသမှုခံယူရန်အခက်အခဲများနှင့်ရင်ဆိုင်ကြရပါသည်။ ထို့အပြင် ကျန်းမာရေးနှင့်မလျော်ညီသည့် အစာအာဟာရများကြောင့်

Scanned by CamScanner

ဆီးချို၊သွေးတိုးနှင့် အာဟာရချို့တဲ့မှုစသည့် ရောဂါများကိုလည်းတွေ့ရှိရပါသည်။ ကျေးရွာ၏ကျန်းမာရေးနှင့်ပတ်သက်၍ မူးယစ်ဆေးအကြီးစားဖြစ်သော ဘိန်းဖြူ(ဖိုး)သုံးစွဲသူတို့၏ ဆေးထိုးအပ်သုံးစွဲမှုတို့သည် HIV,AIDS ဖြစ်လာစေရန် ဦးတည်လျှက်ရှိနေပါသည်။ ထိုသူတို့မှတစ်ဆင့် ထိုရောဂါတို့သည် လိင်မှတစ်ဆင့်ကူးစက်လာနိုင်ကြောင်းကို စိုးရိမ်ဖွယ်ရာအဖြစ်တွေ့ရှိရပါသည်။ ထို့ကြောင့် ကျန်းမာရေးနှင့်စပ်လျဉ်း၍ မူးယစ်ဆေးအကြီးစားဖြစ်သော ·ဘိန်းဖြူ(ဖိုး)ကို မြို့နယ်ရဲစခန်းနှင့် နယ်မြေရဲစခန်းတို့ ပူးပေါင်းလျှက် နှိမ်နင်းဖုန်လိုအပ်ကြောင်း သုံးသပ်မိပါသည်။

ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကုန်းဝါးရုံသာကျေးရွာ၏ စာတတ်မြောက်မှုနှုန်းမှာ တင့်သင်စွာရှိပါသည်။ မူလတန်းပညာသင်နှင့်ပြီးမြောက်သူပေါင်း (၂၀၄)ယောက်၊ အလယ်တန်း ပညာသင်နှင့်ပြီးမြောက်သူပေါင်း(၆၂)ယောက်၊ အထက်တန်းပညာသင်နှင့်ပြီးမြောက်သူပေါင်း (၃၀)ယောက်၊ တက္ကသိုလ်ကောလိပ်အဆင့်ရှိသူနှင့် ဘွဲ့ရသူပေါင်း(၂၀)ကျော် ဝန်းကျင်ခန့်သာရှိပါသည်။ ဘွဲ့ရသူများထဲမှ ဝန်ထမ်းလုပ်ကိုင်သူ(ကျောင်းဆရာ)(၃)ယောက်သာရှိပါသည်။ ထို့အပြင် စာမတတ်သူဦးရေ ကျား(၂)ဦးနှင့် မ(၃)ဦးရှိပါသည်။ ထိုကဲ့သို့ အတန်းပညာပြီးမြောက်မှုနှုန်းနည်းပါးရခြင်းမှာ ယခင်ကကျေးရွာတွင် ဘုန်းကြီးကျောင်းပညာရေးသာရှိခြင်းကြောင့် ကျောင်းသင်ပညာရေးကို အဆင်ပြေသောမိသားစုများသာ ဝါးရုံသာကျေးရွာကို ထားနိုင်ကြခြင်းကြောင့်ဖြစ်ပါသည်။ ထို့အပြင် မိဘ၏စားဝတ်နေရေး မပြေလည်ခြင်းကြောင့်မိဘနှင့်အတူ စားဝတ်နေရေးရုန်းကန်ရသူများလည်းရှိကြကြောင်း စစ်တမ်းအရသိရှိရပါသည်။ ကျေးရွာ၏ လက်မှုပညာတတ်ကျွမ်းသူများမှာ လက်သမား၊ ပန်းရံတတ်ကျွမ်းသူအနည်းငယ်ခန့်သာ ရှိကြပါသည်။

အမျိုးသား၊အမျိုးသမီးဆိုင်ရာ ဆက်နွယ်မှု

ကုန်းဝါးရုံသာကျေးရွာတွင် ရပ်ရေး၊ရွာရေး ကိစ္စများတွင် အမျိုးသားများသာမက အမျိုးသမီးများပါ တစ်တပ်တစ်အားပါဝင် ဆောင်ရွက်ကြပါသည်။ ပညာရေးတွင်လည်း အမျိုးသားနှင့် အမျိုးသမီးတန်းတူ ပညာသင်ကြားခွင့်ရပါသည်။ အလုပ်အကိုင်တွင်အမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ဘောင်တန်းခွင့်မရှိကြပါ။ အကြောင်းမှာအမျိုးသမီးနှင့်သက်ဆိုင်သော အလုပ်အကိုင် အခွင့်အလမ်းများနည်းပါးခြင်းကြောင့်ဖြစ်သည်။ အမျိုးသမီးများအတွက် ရရှိသောအလုပ်အကိုင်အခွင့်အလမ်းများမှာ စပါးရိတ်၊ ကောက်စိုက်လောက်မျှသာ ရှိကြသည်။ ကျေးရွာတွင်းအဖွဲ့အစည်းများတွင် အမျိုးသမီးများကိုလည်း အမျိုးသားနည်းတူ ပါဝင်ဆောင်ရွက်ခွင့်ပေးထားသည်။ ကျေးရွာရှိ အမျိုးသား၊ အမျိုးသမီးများသည် ရပ်ရွာ၏ သာရေး၊နာရေးနှင့် အခြားလူမှုရေးကိစ္စများအားကူညီဆောင်ရွက်ရန် အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့ ၊ ထမင်းဟင်းချက်အဖွဲ့နှင့် ဧည့်ခံအဖွဲ့ စသည့် အဖွဲ့အစည်းများကိုလည်း ဖွဲ့စည်းထားပါသည်။

Scanned by CamScanner

ဦးစားပေးစိမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ

မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ ဝါးရုံသာကျေးရွာအုပ်စု၊ ကုန်းဝါးရုံသာကျေးရွာ၏ ဦးစားပေး အစီအစဉ်အလိုက် စိမံချက်များမှာ -

(၁) ရွာတွင်းလမ်း ကျင်းခင်းခြင်း

(၂) ရွာတွင်းလမ်း မီးရရှိလိုခြင်း

(၃) ရွာမှမဟာဗျူဟာလမ်းမိုင်(၁၀)သို့ ဆက်သွယ်ရေးလမ်းဖောက်လုပ်ခြင်း

(၄) ချောင်းကမ်းပါးရေကာတာလိုအပ်ခြင်း


(၅) ဝါးရုံသာသို့ ရွာချင်းဆက်လမ်းတွင် တာဘောင်တင်နိုင်ရန်နှင့်တံတားတိုဆောက်လုပ်ခြင်း

မော်လိုက်မြို့နယ်၊ ကုန်းဝါးရုံသာကျေးရွာတွင် ရွာတွင်းလမ်းကျင်းခင်းခြင်းလုပ်ငန်းသည် ရပ်မိရပ်ဖများနှင့် လူငယ်အဖွဲ့များ၏ ဦးစားပေးလုပ်ငန်းဖြစ်ပါသည်။ လမ်းအရှည်(၃၇၀၀')ကျော်၊ အကျယ်(၂၂')၊ ကျေးရွာပြည်သူလူထု၏အင်အားဖြင့် ခုတ်ထွင်ရှင်းလင်းပြီးဖြစ်ပါသည်။ လိုအပ်သောလုပ်အား၊ ငွေအား၊ လွှစက်တို့ကို ကျေးရွာမှထည့်ဝင်ကြပါသည်။ ရွာတွင်းလမ်းကျင်းခင်းခြင်းလုပ်ငန်းအား(၂၀၁၉-၂၀၂၀)ခုနှစ်၊ရွာတွင်းလမ်းမကြီးမီးရရှိနိုင်ခြင်းကို (၂၀၂၀-၂၀၂၁)ခုနှစ်၊ ကျေးရွာမှ မဟာဗျူဟာလမ်းသို့ ရွာချင်းဆက်လမ်းအား(၂၀၂၁-၂၀၂၂)ခုနှစ်၊ ကျေးရွာမှ ဝါးရုံသာကျေး ရွာသို့ ရွာချင်းဆက်လမ်းအား (၂၀၂၃-၂၀၂၄)ခုနှစ်တွင် ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေရရှိပါက ငွေကျသည်နှင့်တစ်ပြိုင်နက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့်ဆောင်ရွက်သွားပါမည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဝါးရုံသာကျေးရွာအုပ်စု၊
ကုန်းဝါးရုံသာကျေးရွာ၊မော်လိုက်မြို့နယ်

Scanned by CamScanner

မော်လိုက်ကြီးနယ် ကျန်းထိုးရုံသာကျေးရွာ သယ်ရာတမြမြေပုံ (15.2.2020)



ရွာသို့ သွားနိုင်းခွဲကော်

= ဘုန်းတော်ကြီးကျောင်း
= စာသင်ကျောင်း
= လမ်းမကြီး
= နေအိမ်
= တံတား
= သုသာန်
= လမ်ကွင်း
= မြောင်း
= ခြောင်း

Scanned by CamScanner

ဖော်လိုက်ခြင်းနယ် ကုန်ဝါး/ဂျုံသာလေး/သီလာ ကာသိမ်ခွင့်ပြုခံ ပွဲနေ့ ၁၇-၈-၂၀၂၀


အပြစ် အပျက်များ:	တန်ဖိုး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သင်္ကြန်	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြည်ထောင်စု	တပေါင်း	ကဆုန်ပေါင်း
	၆ ပြည့်နေ့	၆ ၈	ဂြိုဟ်	ရိုးလွှဲခြင်	ပြည့်ဆဲ	စက်တင်ဘာ	အောက်တိုဘာ	ဖိုင်းခေါ	နိုဝင်ဘာ	ဒီဇင်ဘာ	ဇန်နဝါရီ	မတ်
ကာသိမ်ခိုင်လုံ	☀	⛅	🌤	🌫	🌫	☀	☀	☀	☀	☀	☀	☀
အလှူပြ အဂတိုင်	-	နဲနဲ	များ	များ	များ	များ	နဲနဲ	နဲနဲ	များ	များ	နဲနဲ	နဲနဲ
လက်လှပ်လက်စား: ဓိဿား,စုများထင်ဖွေ	○○○	○○	စစ္စိ	○○○	○○○	○○	○○○	○○○	○○○	○○○	○○	○○
အသံ:စဂိစ်	ⅹⅹ	ⅹ	ⅹ	ⅹⅹⅹ	ⅹⅹⅹ	ⅹⅹⅹ	ⅹⅹ	ⅹⅹ	ⅹⅹ	ⅹⅹ	ⅹⅹ	ⅹⅹ
ဇော့ဇွေ့ဆိုအပါ်မျှ	-	-	ဒွန်	ဒွန်	ဒွန်	ဒွန်	ဒွန်	ဒွန်	ဒွန်	ဒွန်	-	-
ဝါခြံစာရုံလုံမျှ	ဟုလုံ	ဟုလုံ	သင့်	သင့်	သင့်	သင့်	ဟုလုံ	ဟုလုံ	ဟုလုံ	ဟုလုံ	ဟုလုံ	ဟုလုံ
သေသော်ငါ												
တိုရစ္ဆာန်ကောက် ကျငေကောက်မျှ	-	ဒေါင့်ပြိုင်းလည် ဆွေးဆို		ပေါင်းသင်္ဘော လက်မှုပစ္စည်း	-	-	-	-	-	-	-	-
ကျန်းမာငှ: အာဇဉ်အာဇနေ	-	ဝမ်းမြောက်	ဝမ်းမြောက်	ထူထိအောင်	ဗဟုသုတ ထူထိစေ့	-	-	-	နာဇေး	နာဇေး ခေတ်ဆိုး	-	-
သိမ်ခွဲကောက် ကျငေကောက်မျှ	-	-	-	ငရုတ်သီး တောလိုပို့	အဆစ်အပို့	အာဂျက် ပိုင်း	ဂျတ်ပြီး	အနှံမျိုးပို့	-	-	-	-
တိုရစ္ဆာန် အစာရှာ ပုံမျှ	နှံညှင်း	နှံညှင်း	နှံညှင်း	မျှော	မျှော	မျှော	မျှော	မျှော	နှံညှင်း	နှံညှင်း	နှံညှင်း	နှံညှင်း
မှော် တော်	သင်္ကြန်ပွဲ	-	-	ဝါဆိုပွဲ	-	-	ဒီးဝါးပွဲ	-	-	-	ပဏ္ဍုပွဲ	

Scanned by CamScanner

ရက်စွဲ 12.2.2024

ပေါက်ပိုင်ခြင်း နယ် ကုန်ကျစရိတ်သဘောတွေးအကြောင်း သုတေသနစာတမ်း

အကျဉ်းချုပ်



Scanned by CamScanner

စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)

ကျေးရွာ – ကုန်းဝါးရုံသာကျေးရွာ၊မော်လိုက်မြို့နယ်

(၄၈)ခုယား

ကုန်းတိုးတက်ရေး ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၅	၄	၉
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၈	၇	၂၅
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၇	၂၁	၃၈
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၇	၁၉	၃၆
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၁၈	၁၁၁	၂၂၉
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၈	၁၀	၁၈
စုစုပေါင်း:		၁၈၃	၁၇၂	၃၅၅
စုစုပေါင်း: အိမ်ထောင်စု		၆၅		

ရှင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း: ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။...၁၄၅ ခန်ရကောက် ကျား ၉၅ ၊ မ ၄၇ ရတဲ့ပေါင်း ၉၉ ၊ ၁၄၅ ခန်မှ ၄၇ ခန်အထိ ၅ နှစ်အောက်ကလေးငယ် ကျား ၁၈ ၊ မ ၇ ရတဲ့ပေါင်း ၂၅ ၊ ၅ နှစ်မှ ၉ နှစ် အထိ မူလတန်းကျောင်းသားအရွယ် ကျား ၁၇ ၊ မ ၂၁ ရတဲ့ပေါင်း ၃၈ ၊ ၁၀ နှစ်မှ ၁၄ နှစ် အထိ အလယ်တန်းကျောင်းသားအရွယ် ကျား ၁၇ ၊ မ ၁၉ ရတဲ့ပေါင်း ၃၆ ၊ ၁၅ နှစ်မှ ၆၄ နှစ် အထိ အလုပ်လုပ်နိုင်သည့်အရွယ် ကျား ၁၁၈ ၊ မ ၁၁၁ စုပေါင်း ၂၂၉ ၊ ၆၅ နှစ်အထက် ကျား ၈ ၊ မ ၁၀ စုပေါင်း ၁၈ ဖြစ်သည်။

(၉) အလုပ်လုပ်နိုင်သူ အင်အား:

(၉-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း: အမျိုးအစား:

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း: အမျိုးအစား:

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း: အဖြစ် လုပ်ကိုင်သူ (ဦးရေ)	အဓိကလုပ်ငန်း၏ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင် လုပ်ငန်း:	၂၄	၁၁၅		မြင့် ☑ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	-	-		မြင့် ☐ လတ် ☑ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး				
	ကိုယ်ပိုင် လုပ်ငန်း:	-	-		မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	-	-		မြင့် ☐ လတ် ☐ နိမ့် ☐

Scanned by CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)				
၃	ကိုယ်ပိုင် လုပ်ငန်း:	-	-		မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	-	-		မြင့် □ လတ်□ နိမ့် □
	သစ်တောလုပ်ငန်း				
၄	ကိုယ်ပိုင် လုပ်ငန်း:	-	-		မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	-	-		မြင့် □ လတ်□ နိမ့် □
	စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ				
	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
၅	ကိုယ်ပိုင် လုပ်ငန်း:	-	-		မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	-	-		မြင့် □ လတ်□ နိမ့် □
	ထုတ်ကုန်လုပ်ငန်း:				
၆	ကိုယ်ပိုင် လုပ်ငန်း:	-	-		မြင့် □ လတ်□ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:	-	-		မြင့် □ လတ်□ နိမ့် ☑
	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
၇	ကိုယ်ပိုင် လုပ်ငန်း:	-	-		မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	-	-		မြင့် □ လတ်□ နိမ့် □
	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
၈	ကိုယ်ပိုင် လုပ်ငန်း:	-	-		မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	-	-		မြင့် □ လတ်□ နိမ့် □
	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
၉	ကိုယ်ပိုင် လုပ်ငန်း:	-	-		မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	-	-		မြင့် □ လတ်□ နိမ့် □
	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
၁၀	ကိုယ်ပိုင် လုပ်ငန်း:	၁	၁		မြင့် □ လတ်□ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:	-	-		မြင့် □ လတ်□ နိမ့် ☑
	လက်လီ- လက်ကား ရောင်းဝယ်ရေး				
၁၁	ကိုယ်ပိုင် လုပ်ငန်း:	၂	၂		မြင့် □ လတ်□ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:	-	-		မြင့် □ လတ်□ နိမ့် ☑
	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း:				
၁၂	ကိုယ်ပိုင် လုပ်ငန်း:	၁	၆		မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	၂	၄		မြင့် □ လတ်□ နိမ့် □

Scanned by CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	အဓိကလုပ်ငန်း၏ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
၁၃	ကိုယ်ပိုင် လုပ်ငန်း:	၁	၁		မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် □
	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
၁၄	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် □
	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ:				
၁၅	ကိုယ်ပိုင် လုပ်ငန်း:	-	-		မြင့် □ လတ်□ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:	-	-		မြင့် □ လတ်□ နိမ့် ☑
	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
၁၆	ကိုယ်ပိုင် လုပ်ငန်း:	-	-		မြင့် □ လတ်□ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:	-	-		မြင့် □ လတ်□ နိမ့် ☑
	ပညာရေး				
၁၇	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	၂	၂		မြင့် □ လတ်□ နိမ့် □
	ကျန်းမာရေး				
၁၈	ကိုယ်ပိုင် လုပ်ငန်း:	-	-		မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	-	-		မြင့် □ လတ်□ နိမ့် □
	လူမှုရေး လုပ်ငန်းများ				
၁၉	ကိုယ်ပိုင် လုပ်ငန်း:	-	-		မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	-	-		မြင့် □ လတ်□ နိမ့် □
	အိမ်များတွင် အတွားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ:				
၂၀	ကိုယ်ပိုင် လုပ်ငန်း:	-	-		☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား:	၂၄	၄၈		
	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ:				
၂၁	ကိုယ်ပိုင် လုပ်ငန်း:	-	-		မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	-	-		မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း:	၆၂	၁၉၄		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

Scanned by CamScanner

မှတ်ချက်။ ။ 'အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ' အရေအတွက်တွင် 'မိသားစုဝင်လုပ်အား' ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ 'ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)' ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု၊ဝင်ငွေစသည့် အခြေအနေကို ဆိုလိုပါသည်။ ဥပမာ - 'စိုက်ပျိုးရေး' ကဏ္ဍ ၏ 'ကိုယ်ပိုင်လုပ်ငန်း' တွင် ရပ်တည်နိုင်မှု 'မြင့်' ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဝင်ငွေကောင်းသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ဒေသခံတွေဟာ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူတွေ များပေမယ့် ဝင်ငွေကောင်းတဲ့ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ အရေအတွက်ကတော့ နည်းပါးသလို ဝင်ငွေကောင်းတဲ့ လုပ်ငန်းတွေကလည်း အများကြီး မရှိသေးပါဘူး။ ဒါကြောင့် ဒေသခံတွေအနေနဲ့ ဝင်ငွေကောင်းတဲ့ လုပ်ငန်းတွေကို ပိုမိုလေ့လာသင်ယူပြီး ကိုယ်ပိုင်လုပ်ငန်းတွေ ပိုမိုတိုးချဲ့ဖွင့်လှစ်သင့်ပါတယ်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၃၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	-	-	-	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-			
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	၇၀၀၀	-	၅၀၀၀

ရင်းမြစ် ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

Scanned by CamScanner

လေ့လာတွေ့ရှိချက်။ ။ကုန်းပါးကုံသာကျေးရွာတွင် လယ်ယာခိုက်ပျိုးရေးလုပ်ငန်းများတွင် ကျားအများဆုံးနေ့အား ခန့မှန်း (၅၀၀၀) ကျပ်အနည်းဆုံးမှာ (၃၀၀၀) ကျပ်၊ မိန်းကလေးအများဆုံးနေ့အားခန့မှန်း (၄၀၀၀) ကျပ်အနည်းဆုံးမှာ (၃၀၀၀) ကျပ် ဖြစ်သည်။ အခြားသီးပွားရေး၊ နေမြုံမြူလုပ်ငန်းများလည်း မကျိသဖြင့် နေ့စဉ်ဝင်ငွေမရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး၊ (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၄၇	ကောင်း: ☐	သင့်: ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁	ကောင်း: ☐	သင့်: ☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	-	ကောင်း: ☐	သင့်: ☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း: ☐	သင့်: ☐	ညံ့ ☐
ခန်းတောမြေ	-	ကောင်း: ☐	သင့်: ☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း: ☐	သင့်: ☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း: ☐	သင့်: ☐	ညံ့ ☐
စုစုပေါင်း:	၁၄၈	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် တစ်ပိုင်တစ်နိုင် လယ်ရေမြေများ၊ ဘဂျိမြေ၊ ရေမြေအိုလှာ အဂျွမ်အဝေးများ စာသင်သဲကျိသည်။ အခြားရေမြေလွတ်ရေမြေလပ်များ... မကျိပါ။

Scanned by CamScanner

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☑ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☑ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်ထောဦးမိုးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် ကျောက်၊ သဲ၊ သဘာဝအပင်မျိုးစိတ်များ ပေါများပါသဖြင့် အခြားသတ္တုနှင့် တွင်းထွက်သယံဇာတများမှာ မရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း: အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅၈ကနဆက်	၂၉ကမ္ဘ၅၈က	၂၈ကဇဘက်	ဇဖြယဘမဲ့
အိမ်အခြေအနေ	၁၀	၃၅	၁၆	
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု				
အဓိကစီးပွားရေး လုပ်ငန်း:				
အိမ်ထောင်စု	၁၀	၃၆	၁၆	-

ရင်းမြစ် ... (၁) ကျေးရွာလုံးကျတ် အစည်းအဝေးပြုလုပ်ခြင်း။

Scanned by CamScanner

လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့ အဆင်ပြေသော အိမ်ထောင်စု (၁၀၀) အလယ်အလတ်ရှိသော အိမ်ထောင်စု (၃၅၂) မဆင်ပြေလှသော အိမ်ထောင်စု (၁၆၈) ရှိပါသည်။ အခြားဖြေဆိုပို့ဆောင်မှု၊ ကုန်ကုတ်လုပ်မှုနှင့် အဝတ်အစီးပွားရေးလုပ်ငန်းများမှ ဖြစ်ပါ။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ(ဥစွာ ဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)	
၃ လအောက် ဝမ်းစာဖူလုံမှု	၇	အခြားအစားပြောင်းလဲစား:	= _____
		အစာလျှော့စား:	= _____
		အထောက်အပံ့ယူ	= _____
		ချေးယူ	= _____
		လုပ်အားခကြိုယူ	= ၇
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	-	အခြားအစားပြောင်းလဲစား:	= _____
		အစာလျှော့စား:	= _____
		အထောက်အပံ့ယူ	= -
		ချေးယူ	= _____
		လုပ်အားခကြိုယူ	= _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	-	အခြားအစားပြောင်းလဲစား:	= _____
		အစာလျှော့စား:	= _____
		အထောက်အပံ့ယူ	= -
		ချေးယူ	= _____
		လုပ်အားခကြိုယူ	= _____

ရင်းမြစ်.ဥစွာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

Scanned by CamScanner

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဖေးမ (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၂	၁	၃
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၂		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၂		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း ကူညီစောင့်ရှောက်မှု လိုအပ်သော သက်ကြီးရွယ်အို မှာ ကျား ၂ ယောက် မ ၁ ယောက် စုစုပေါင်း ၃ ဦးရှိပါသည်။ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု မှာ ၂ စု ဖြစ်ပြီး မုဆိုးဖို ခွဲ ခြားသည့် အိမ်ထောင်စု မှာ ၂ စု၊ အခြားဒေသသို့ အလုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု မှာ မရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဖေးမ (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ရိုက်ပျိုးရေ)	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐

Scanned by CamScanner

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာလေးအနေနဲ့ဝါကွာမဟုတ်မှုမှာမရှိပါ။သာကာဝကြင်း မြစ်ကြားပါးမှာမှာအသင့်သင့်ရှိပါသည်။ရေကြီး၊မိုးခေါင်၊မုန်တိုင်းဒဏ်ခြင်းမီးဘေးအားဒဏ်ရေဝင်ရမြေ၊မြေပျိုခြင်းမရှိပါ။သစ်တောပြုန်းတီးမှုအသင့်သင့်ရှိပြီး၊အကျိုးမာရေးအခြေအနေမှာလည်းအသင့်သင့်ရှိပါသည်။ပြည်တွင်းပဋိပက္ခနှင့်လူကုန်ကူးမှုမရှိပါ။

.....

.....

.....

.....

.....

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဖယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၃	ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၅	ပင်လယ်/မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑

Scanned by CamScanner

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၆	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၇	ရွှေပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၈	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်နိုင်မှု အန္တရာယ် နိမ့်၊လတ်၊မြင့် သတ်မှတ်ရာတွင် ပထမဦးစွာ မိမိကျေးရွာတွင် ထိခိုက်မှုခံရနိုင်သည့်သူများ သတ်မှတ်ပါ။ ထို့နောက် ၄င်း ပုဂ္ဂများအလိုက် ထိခိုက်နိုင်သည့် အန္တရာယ်အမျိုးအစားဖော်ပြ၍ နိမ့်၊လတ်၊မြင့် သတ်မှတ်ရန်ဖြစ်သည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်း ထိခိုက်နိုင်မှု အန္တရာယ်မှာ မရှိပါ။ ၄င်း ပုဂ္ဂိုလ်များအလိုက် ထိခိုက်နိုင်သည့် အန္တရာယ်မှာ မရှိပါ။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျပ်မိုးကျပ်ဖ	၁☐ ၂☐ ၃☐	၁၃	၇	၂၀	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	လူငယ်	၁☐ ၂☐ ၃☐	၃၀	၂၅	၅၅	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☑ သင့် ☐ ညံ့ ☐

Scanned by CamScanner

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၃	ကျောင်းအုပ်ကြီး တော်ဆောင်	၁☐ ၂☐ ၃☐	၂၀	၁၀	၃၀	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☑ သင့် ☐ ညံ့ ☐
၄	ဂါပက	၁☐ ၂☐ ၃☐	၁၅	-	၁၅	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☑ သင့် ☐ ညံ့ ☐
၅	အမျိုးသမီး ရေးဂျာ	၁☐ ၂☐ ၃☐	၈	၁၅	၁၅	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၆	အမျိုးသမီး ဖွဲ့	၁☐ ၂☐ ၃☐	-	၂၀	၂၀	ပညာရေး ☑ ငွေကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေး ရွာအတွင်း လုပ်ကောင်သည့် လူမှုရေးအဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့ များမရှိပါ။ ငွေစုငွေချေးနှင့် အခြားကိုယ်ထူကိုယ်ထအဖွဲ့ များမရှိပါ။

Scanned by CamScanner

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ကွေကြေး ☐ ကျန်းမာရေး☑ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၂		၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ကွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး . ☐ ကွေကြေး ☐ ကျန်းမာရေး☑ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ကွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ကွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ကွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – မမွေစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

Scanned by CamScanner

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူအကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ဇယားတွင် ဖွဲ့ပြထားသော အဖွဲ့အစည်းများမှာ ကျန်းမာရေးအဖွဲ့အစည်းများ ဖြစ်သောကြောင့် ကျေးရွာကျန်းမာရေးအဖွဲ့ (VHC) များဖြစ်ကြသော P.S.F. ကသာ ကိုယ်စားပြုသည်ဟု ယူဆပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွဲ့ဖြိုးရေးအမြင ် သတ်မှတ်ချက်
၁	မြေယာမဲ့	၂၇	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၅	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂၁	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၃	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း:		၅၂	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ဇယားတွင် တောင်သူကြီးမရှိပါ။ ကြေးသာ ၃ အိမ်ထောင်စုသာ ရှိပါသည်။ ၎င်းတို့မှာ (၂၅.၁ ဦးဦးမြင့်၊ ကျေးရွာဒိုးကက်ခရိုက်ရှိပါသည်။ ၎င်းတောင်သူငယ်နှစ်ဦး တောင်သူလတ်များသာ ရှိပါသည်။

Scanned by CamScanner

(၂) အိုးရန့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ☐ မရှိ☑
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ☐ မရှိ☑
၃	မြစ်ရေတင်စိမ်ကိန်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ☐ မရှိ☑
၄	ရေသွင်းမြောင်း	၅၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑	ရှိ☐ မရှိ☑
၅	အဝိစိတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ☐ မရှိ☑
၆	လက်ဝင်ရေတွင်း	-	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐	ရှိ☐ မရှိ☑
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑	ရှိ☐ မရှိ☑
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐	ရှိ☑ မရှိ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်း ရေချောင်း၊ ရေဒဉ်၊ လက်ဝင်ရေတွင်း မှာတစ်နှစ်ပတ်လုံး ရှိသည့် နှစ်စမ်းရေဒဉ်၊ ရေချောင်း မြောင်းမှာ ရာသီအလိုက်ရှိသည့်၊ တစ်ခုရေ ရှိခြင်းသော ဒဉ်မြောင်းမှာ မရှိပါ။ စိုက်ပျိုးရေးအတွက် ဆိုးရွေ့ကိုသာ အဓိကထားရပြီး ရေ သွင်းဧရိယာ အသုံးပြုသော လယ်သမားဖြေများမှာ ၁၀ ဧကခန့်ခန့်ပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ဆပါး	၁၄၈	တင်း	၄၅	၅၀		ဇွန်	ဒီဇင်	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☑ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐

Scanned by CamScanner

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း ဆပါး တစ်ဧကတွက်နှုန်းမှာ အများဆုံး ၅၀၊ အနည်းဆုံး ၃၅ တွက်သည်။ စုပေါင်းစိုက်ဧကမှာ ၁၅၅ ဧကဖြစ်သည်။ ဆပါးစိုက်ပျိုးသည့် ကာလမှာ ဇွန်လ ဒုတိယပိုင်းလ အတိုဖြစ်သည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဖေား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	၄			
လက်တွန်းထွန်စက်	၄			
အစေ့ချကိရိယာ				
ရိတ်သိမ်းခြေလှေ့စက်				
ရိတ်သိမ်းစက်	၁			
ခြေလှေ့စက်	၁			
ရေစုပ်စက်	၂			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၁			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း တွန်စက် ၄၂၊ လက်တွန်းထွန်စက် ၄၂၊ ရိတ်သိမ်းစက် ၁၁၊ ခြေလှေ့စက် ၁၁၊ ရေစုပ်စက် ၂၂၊ မြက်ရိတ်စက် ၁၁ ရှိပါသည်။ ရွာထိုင်းအဖွဲ့ထိုင်စက်များမှာ မရှိပါ။

Scanned by CamScanner

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဥပမာ (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဥပမာ ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ☑
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်ကူရသည် ☐ ရသည် ☑
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☑
သဘာဝဖြေဆေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑
နည်းပညာဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☑

